# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 13 , 2026 Volume 100 , Number 9


၁၃. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၀၅.၉၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၀၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၇.၆၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၈.၇၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၇၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၃.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၀၉ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပဲအသစ်များ ဝင်ရောက်မှုရှိချိန် ပြည်ပအဝယ်အေးပြီး မတ်ပဲဈေးအေးလာ




ပြည်ပပို့ကုန် ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲမှာ အိန္ဒိယနိုင်ငံ၏ ဈေးကွက်ကျဆင်းမှု၊ ဝယ်လိုအားနည်းမှု စသည့်အခြေအနေများကြောင့် ဈေးကွက်အေးနေကြောင်း ကုန်သည်များထံက သိရသည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင်လည်း ဆောင်းမတ်ပဲများ ဈေးကွက်အတွင်း ဝင်ရောက်နေပြီး လောင်စာဆီ အခက်အခဲကြောင့် ဈေးကွက်ကျနေသလို ပြည်တွင်း၌လည်း ဆောင်းမတ်ပဲအသစ်များ ဈေးကွက်ထဲဝင်ရောက်နေသည့်အတွက်ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတခြင်းကြောင့် ဈေးကွက်အေးလာခြင်း ဖြစ်သည်ဟု ဆိုသည်။

မတ် ၁၁ ရက်နေ့ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ FAQ တစ်တန်လျှင် ၃,၀၀၆,၀၀၀ ကျပ်ရှိပြီး နယ်မတ်ပဲဈေးကွက်တွင်ပိဿာ ၂၀ တစ်တင်းလျှင် ၉၂,၀၀၀ ကျပ်မှ ၉၆,၅၀၀ ကျပ်အထိ ရှိနေသည်။

"ဒီမှာ မတ်ပဲအသစ်တွေက နေ့တိုင်းအဝင်ရှိနေတယ်။ အိန္ဒိယမှာလည်း ပဲအသစ်တွေဝင်ပြီး ဈေးကျတယ်။ အိန္ဒိယဈေးကွက်ကျရင် မြန်မာဘက်လည်းကျတာ ထုံးစံပဲ။ သူတို့ဝယ်လိုအားကောင်းပြီး ဈေးပေးဝယ်ရင် ဈေးကောင်းရမယ်၊ ဈေးချဝယ်ရင် ကျမယ်" ဟု ကုန်သည်တစ်ဦးက ပြောသည်။

ပြည်တွင်းမတ်ပဲဈေး ကျဆင်းသလို ပြည်ပအဆိုပြုဈေးနှုန်း (FOB) လည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀ ခန့် ကျဆင်းလာပြီး မတ်ပဲ FAQ တစ်တန်လျှင် ၇၉၀ ဒေါ်လာမှ ၈၀၀ ဒေါ်လာသာ ရှိတော့သည်။

အိန္ဒိယသို့ မြန်မာမတ်ပဲအခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့ခွင့်ကာလသည် ယခု မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အရောင်းအဝယ်များအေးသွားသည့် အခြေအနေရှိကြောင်း သိရသည်။

ဒါကြောင့် လက်ရှိတွင်အိန္ဒိယသို့ မြန်မာမတ်ပဲအခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ကာလ သက်တမ်းထပ်တိုးရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြကြောင်း သိရသည်။

"သက်တမ်းထပ်တိုးမဲ့ အခြေအနေရှိပါတယ်။ ကြေညာပေးမှာပါ။ သက်တမ်းထပ်တိုးရင် ကိုယ့်ဘက်က သေချာမှုတစ်ခုရတာပေါ့" ဟု ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်တစ်ဦးက ပြောသည်။

ယခုနှစ် မြန်မာတစ်နိုင်ငံလုံးတွင် ဆောင်းမတ်ပဲ စိုက်ဧက လျော့ကျခဲ့သည့်အပြင် ပဲအထွက်နှုန်းကလည်း သိသိသာသာ ကျဆင်းသွားသောကြောင့် ပဲလိုအပ်ချက်များနိုင်သဖြင့် မတ်ပဲဈေးနှုန်းမှာ တစ်သိန်းအထက်သို့ ပြန်လည်ရောက်ရှိလာနိုင်ကြောင်း တောင်သူများက သုံးသပ်ထားကြသည်။

မတ်ပဲကို ဧရာဝတီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အဓိကအများဆုံး စိုက်ပျိုးကြပြီး၊ ယခုနှစ်တွင် မတ်ပဲတောင်သူအများစု အရှုံးနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

Source : https://htwettoe.com/

## မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး



မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပခဲ့ရာမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊အိန္ဒိယနိုင်ငံ၊ ကော်လ်ကတ္တားမြို့မှ မြန်မာစီးပွားရေးသံမှူး၊ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ၊ International Federation of Business Intellectuals and Changemakers (IFBIC) မှ တာဝန်ရှိသူများ စုစုပေါင်း ၁၅ ခန့်ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့ထောပတ်သီးအဆီကို အိန္ဒိယနိုင်ငံသို့တင်ပို့နိုင်ရေးအတွက် လိုအပ်သော စာရွက်စာတမ်းများကို အိန္ဒိယနိုင်ငံ၊ IFBIC ထံသို့ ပေးပို့သွားရန်နှင့် မြန်မာ့အေးခဲ ထောပတ်သီးကို အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၁၅ နာရီတွင် ရုပ်သိမ်းခဲ့သည်။

https://myantrade.gov.mm/

## မုံရွာ၌ မြေပဲဆီဈေး တက်လာ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှာ မြေပဲဆီဈေးဟာ အခုရက်ပိုင်းမှာ တစ်ပိဿာ ကျပ်နှစ်ထောင်ကနေ သုံးထောင်ကြား ဈေးတက်လာတယ် လို့ မုံရွာမြို့ ဆီစက်ပိုင်ရှင်တွေဆီက သိရပါတယ်။

လက်ရှိ မုံရွာမြို့မှာ မြေပဲဆီတစ်ပိဿာကို ငွေကျပ် ၁၇,၀၀၀ နဲ့ ရောင်းချပေးနေတာဖြစ်ပြီး အရင်က တစ်ပိဿာကို ကျပ် ၁၄,၀၀၀ ကနေ တစ်သောင်းခွဲကြား ရှိတယ်လို့ ဆိုပါတယ်။

အခုလို မြေပဲဆီဈေးတက်တာဟာ စက်သုံးဆီရှားပါးတာနဲ့ ဆောင်းရာသီ ဆီထွက်သီးနှံအထွက်နည်းတာတွေကြောင့် ဖြစ်တယ်လို့ မုံရွာမြို့ ဆီစက်ပိုင်ရှင်တစ်ယောက်က ပြောပါတယ်။

လက်ရှိအချိန်ဟာ ဆောင်းရာသီ ဆီထွက်သီးနှံတွေ စတင်ရိတ်သိမ်းတဲ့ကာလဖြစ်ပြီး စိုက်ပျိုးတာနောက်ကျသူတွေကတော့ ဧပြီလလောက်မှ ရိတ်သိမ်းကြမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ် မိုးရာသီဆီထွက်သီနှံထွက်ချိန်တုန်းကတော့ဆီတင်သွင်းမှုတွေများတဲ့အတွက်တောင်သူတွေ တွက်ခြေမကိုက်ဘဲ အရှုံးပေါ်ခဲ့ကြသလို မြေပဲဆန်ဈေးကလည်း တစ်ပိဿာကိုကျပ်တစ်သောင်းကျော်ထိဖြစ်လာတယ်လို့ ဒေသခံတောင်သူ တစ်ယောက်က ပြောပါတယ်။

ဒါ့ပြင် ဆီထွက်သီးနှံရှားပါးတဲ့ ဇွန်၊ ဇူလိုင်နဲ့ ဩဂုတ်လတွေမှာ စားသုံးဆီဈေးဟာ အတက်ဘက်မှာသာ ရှိနေနိုင်တယ်လို့လည်း ဆီစက်ပိုင်ရှင်တွေက ခန့်မှန်းနေကြပါတယ်။

Source: https://onenewstvchannel.com/

## မင်းဘူးမြို့နယ်ရှိ ကျေးရွာအချို့တွင် မေမြို့ပန်းစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနေ



မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ် ကျောက်တန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာရှိ တောင်သူများသည် ဆားပွက် ချောင်းရေကိုအမှီပြု၍ မေမြို့ပန်းများစိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်တွင် အပင်များ အောင်မြင်ဖြစ်ထွန်း၍ မိသားစုအပိုဝင်ငွေရလျက်ရှိကြောင်း သိရသည်။

မေမြို့ပန်းစိုက်ပျိုးရာတွင် ယခင်နှစ်ကချန်ထားသော မျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးကြကြောင်း၊ နတ်တော်လတွင် စိုက်ပျိုးကြပြီး အပင်သက်တမ်း ၃ လခန့်ရှိလျှင် ဈေးကွက်တွင်ရောင်းချနိုင်ကြောင်း၊ ဆောင်းရာသီတွင်စိုက်ပျိုးလျှင် အပင်များပိုမိုအောင်မြင်ဖြစ်ထွန်းကြောင်း၊ အပင်ကို ဘောင်ဖော်၍စိုက်ပျိုးရပြီး ရေဝပ်ခြင်းကိုမကြိုက်ကြောင်း၊ မြေတောင်မြှောက်ခြင်း၊ ပေါင်းထိုးခြင်း၊ ခေါင်နှိမ်ခြင်း များပြုလုပ်ပေးရကြောင်း၊ အပင်အားမြေဩဇာကျွေး၍ တစ်ပတ်လျှင်တစ်ကြိမ်ခန့် ပိုးသတ်ဆေးဖြန်း ပေးရကြောင်း၊ သို့မှသာ အပင်ပိုးမကျဘဲ ရောင်းပန်းလှကြောင်း၊ အပင်ရေ ၂၀၀၀ ခန့် တစ်ပိုင် တစ်နိုင်စိုက်ပျိုးကြကြောင်း၊ မေမြို့ပန်းအမျိုးမျိုးရှိရာ အက်စတာ၊ ကြက်လည်ဆံ၊ ရိုးစိမ်း ကျောက်နီ၊ ခိုပြာ မျိုးများကို ပိုမိုအားထားစိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၆ခုနှစ်၊ မတ်လ ဆန်းတွင် မေမြို့ပန်းလက်ဆုပ် တစ်စည်းလျှင် ၁၀၀၀ ကျပ်မှ ၁၂၀၀ ကျပ်ခန့်ထိ ဈေးကောင်းရရှိပြီး ဝယ်လို အားပေါ်မှုတည်၍ တစ်ခါခူးဆွတ်လျှင် အစည်းရေ ၅၀ မှ ၁၀၀ ခန့်ထိ ခူးဆွတ်ရောင်းချကြကြောင်း၊ မင်းဘူး

မြို့နယ်ထွက် မေမြို့ပန်းများကို ပွင့်ဖြူ၊ မင်းဘူး၊ စကု၊ မကွေးမြို့များသို့ တင်ပို့ရောင်းချရာ မိသားစု အပိုဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source : DOCA(မကွေး)

## အညာဒေသထွက် လက်ပံပွင့်ခြောက်များ ရောင်းအားကောင်းပြီး ဈေးကောင်းရနေ




အညာဒေသထွက် လက်ပံပွင့်ခြောက်များ ယခုနှစ်ခရီးသွားရာသီတွင် ရောင်းအားကောင်းပြီးဈေးကောင်းရနေကြောင်း အညာဒေသထွက်ကုန်ရောင်းချသူများထံက သိရပါတယ်။

ယခင်က ဒေသတွင်းသာအရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုနှစ် ခရီးသွားရာသီမှစ၍ ခရီးသွားစိတ်ဝင်စားမှု အများဆုံးခံရသည့် ဒေသထွက်ကုန်စားစရာတစ်ခုအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုပါတယ်။

"ဒီနှစ် လက်ပံပွင့်ခြောက်တွေတအားရောင်းရတယ်၊ ရောင်းကောင်းချက်က ဘယ်နှစ်ကနဲ့မှကို မတူဘူး၊ အဝယ်အများကြီးရှိလာတော့ ဈေးလည်းကောင်းတယ်၊ ဒေသခံ တွေအတွက်တော့ ဈေးကောင်းရတဲ့နှစ်ပေါ့" လို့ အညာဒေသထွက်ကုန်အဓိကရောင်းချသည့် ရွှေစာရံကျေးရွာ ဒေသခံတစ်ဦးက ပြောပါတယ်။

ခရီးသွားစိတ်ဝင်စားမှုမြင့်တက်လာခြင်းကြောင့် ယခင်နှစ်များကထက် နှစ်ဆကျော်ရောင်းအားတက်နေပြီး၊ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်သည်အထိ ရောင်းအားကောင်းနေကြောင်း သိရပါတယ်။

အညာဒေသ၏အမှတ်သင်္ကေတတစ်ခုဖြစ်သော လက်ပံပွင့်မှရရှိသည့် လက်ပံပွင့်ခြောက်ကို ဆီးရောဂါ၊ မီးယပ်သွေးလွန်ခြင်း၊ အဆုတ်အအေးမိခြင်း၊ ကျောက်ရောဂါ၊ သုညယ်နာရေစက်ဝမ်းကျရောဂါ၊ ပန်းသေရောဂါ စသည့် ရောဂါဝေဒနာများအား သက်သာပျောက်ကင်းစေသည်ဟုဆိုကာ ဆေးဝါးအဖြစ်အသုံးပြုကြသလို ချက်ပြုတ်ကြော်လှော်စားသုံးကြသည်များလည်း ရှိပါတယ်။

Source: https://opinionleadersmedia.com/

## အီရန်အရေးကြောင့် ငွေကြေးဖောင်းပွနိုင်ခြေအပေါ် အမေရိကန်ဗဟိုဘဏ်အနေဖြင့် အနီးကပ်စောင့်ကြည့်လျက်ရှိ

အီရန်အရေးကြောင့် ရေနံသယ်ယူပို့ဆောင်ရေးပြတ်တောက်ခြင်းအပေါ် စိုးရိမ်မှုများရှိလာသဖြင့် ရေနံဈေးနှုန်းများသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ၁၀၀ကျော်အထိမြင့်တက်ခဲ့ကြောင်း၊ ထို့နောက် ဓာတ်ဆီဈေးနှုန်းများလည်းမြင့်တက်ခဲ့ရာ ငွေကြေး ဖောင်းပွမှုမြင့်တက်လာနိုင်ခြေကြောင့် ဗဟိုဘဏ်(Federal Reserve)၏ အတိုးနှုန်းလျှော့ချမည့်ဆုံးဖြတ်ချက်အပေါ် သက် ရောက်မှုရှိလာနိုင်ကြောင်း၊ နယူးယောက်ဗဟိုဘဏ်ဥက္ကဋ္ဌ John Williams က "အီရန်အရေးကြောင့် အမေရိကန် စီးပွားရေးနှင့် ငွေကြေးဖောင်းပွမှုအပေါ်သက်ရောက်နိုင်ခြေမှာ မသေချာသေးကြောင်း၊ စစ်ပွဲကြာမြင့်နိုင်ချိန်မှာလည်း မသေချာကြောင်း၊ ယခင် အတွေ့အကြုံများအရ ရေနံဈေးနှုန်းများမြင့်တက်ခြင်းကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုရှိခဲ့ ကြောင်း၊ လတ်တလောတွင် စောင့်ကြည့်ရမည့်အနေအထားဖြစ်ကြောင်းနှင့် အီရန်အရေးကြောင့်လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့သဖြင့် ယင်းသို့မြင့်တက်ခဲ့ခြင်းသည် ဗဟိုဘဏ်၏ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ငွေကြေးဖောင်းပွမှုနှင့် အလုပ်အကိုင် ကဏ္ဍတို့အပေါ်ထိခိုက်နိုင်ကြောင်း" ပြောကြားခဲ့ကြောင်း၊ ထို့ပြင် မင်နီယာပိုလစ်ဗဟိုဘဏ်ဥက္ကဋ္ဌ Neel Kashkari ကလည်း "ငွေကြေး ဖောင်းပွမှုအပေါ် သက်ရောက်နိုင်ခြေကိုခန့်မှန်းရန်စောလွန်းသေးကြောင်း"နှင့်ဘော်စတွန်ဗဟိုဘဏ် ဥက္ကဋ္ဌ Susan Collins က "မူဝါဒများကိုပြင်ဆင်ရန် အရေးတကြီးလိုအပ်သည်ဟု မတွေ့ရကြောင်းနှင့်စိတ်ရှည်သည်းခံပြီး သေချာစဥ်းစားပြင်ဆင်ဆောင်

ရှက်သည့် ချဉ်းကပ်နည်းကို အသုံးပြုရန်ရည်ရွယ်ကြောင်း”ဖြင့် ပြောကြားခဲ့ကြောင်း FOX Business အွန်လိုင်းသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**Source: FoxBusiness**

**(ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## စင်ကာပူအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို AI နှင့် လိုက်လျောညီထွေမှုရှိစေရေးထောက်ပံ့ပေးရန်အတွက် SME AI Skills Launchpad အသစ်မိတ်ဆက်

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို AI နှင့် လိုက်လျောညီထွေမှုရှိစေရေးထောက်ပံ့ပေးရန်အတွက် Skills Future Singapore (SSG)သည် SME AI Skills Launchpad အသစ်ကို မတ်လမှစတင်၍ စတင်မိတ်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ Launchpad သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများအား AI အသိအမြင်များ တိုးတက်လာစေရန်နှင့် AI ဖြေရှင်းချက်များကို လက်ခံကျင့်သုံးရာတွင် လွယ်ကူစေရန်ရည်ရွယ်ကြောင်း ပညာရေးဝန်ကြီးဌာန ဝါရင့်ဝန်ကြီး Janil Puthucheary က ပြောကြားခဲ့သည်။

Launchpad တွင် အပိုင်း ၂ ပိုင်းပါဝင်ပါသည်။ ပထမအပိုင်းတွင် SSG နှင့် လုပ်ငန်းမိတ်ဖက်များက AI အရင်းအမြစ်များ ပါဝင်သည့် အင်တာနက်စာမျက်နှာတစ်ခုကို SkillsFuture for Business portal တွင်ထည့်သွင်းမည်ဖြစ်ပြီး အလုပ်သမားများ အနေဖြင့် AI အသွင်ပြောင်းလဲမှုအတွက် လိုအပ်သည့်အရင်းအမြစ်များကို အလွယ်တကူရှာဖွေနိုင်ရန် ဖြစ်သည်။

ကုမ္ပဏီများသည် စီးပွားရေးလုပ်ငန်းများအသွင်ကူးပြောင်းနိုင်ရန်နှင့် အလုပ်သမားများအတွက် AI နှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အကူအညီဖြစ်စေမည့် အကြံပြုချက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဒုတိယအပိုင်းမှာ ကဏ္ဍအလိုက်ပိုမိုအသေးစိတ်ကျသည့်သတင်းအချက်အလက်များ၊ အထောက်အပံ့များရယူလိုသည့် ကုမ္ပဏီများသည် Skills Future Queen Bees က ပေးသည့်ဝန်ဆောင်မှုများကို ရယူနိုင်မည်ဖြစ်သည်။

SkillsFuture Queen Bees များမှာ အသေးစားလုပ်ငန်းများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက် SSG က လုပ်ငန်း ကဏ္ဍအလိုက်ခန့်ထားသည့်ကျွမ်းကျင်သူများဖြစ်သည်။

SkillsFuture Queen Bees များသည်ကဏ္ဍအလိုက်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို AI မဟာ သင်တန်း များနှင့် အကြံပေးဝန်ဆောင်မှုများကို အခမဲ့ပြုလုပ်ပေးမည်ဖြစ်ပြီး လာမည့် ၃ နှစ်တွင် အလုပ်သမား ၂၀၀၀ နီးပါးအကျိုးရှိစေ မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဒုတိယ ၃ လပတ်တွင် AI နှင့်ပတ်သက်၍ ကိုယ်တိုင်လိုအပ်ချက်ရှာဖွေနိုင်သည့်ကိရိယာ(self-diagnostic AI tool)ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ၏ AI အသုံးပြုရာတွင် အဆင်သင့်ဖြစ်မှုနှင့် လိုအပ်သည့်သင်တန်းများကို အလုပ် သမားများအနေဖြင့် ကိုယ်တိုင်ဆန်းစစ်နိုင်မည်ဖြစ်သည်။

မေးခွန်းတိုများမေးမြန်းပြီး AI အသုံးပြုရာတွင် အဆင်သင့်ဖြစ်မှုအဆင့်အလိုက် အလုပ်သမားများကို အုပ်စုများစုဖွဲ့စေ၍ သင့်တော်သည့် သင်တန်းအစီအစဉ်များကို တက်ရောက်နိုင်မည်ဖြစ်သည်။

AI နှင့်ပတ်သက်၍ ကိုယ်တိုင်လိုအပ်ချက်ရှာဖွေနိုင်သည့်ကိရိယာ(self-diagnostic AI tool)ကို MySkillsFuture portal နှင့်အတူ မိတ်ဆက်သွားမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး Jasmin Lau က “AI တတ်မြောက်မှုသည် ဒီဂျစ်တယ်တတ်မြောက်မှုကဲ့သို့ပင် အဓိကကျသည့် အချက်ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့ရာတွင် တတ်မြောက်မှုတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ အလုပ်သမားများသည် AI ကို ထိထိရောက်ရောက်အသုံးချနိုင်သည့် အရည်အသွေးရှိရန်လိုအပ်ကြောင်း” ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဒုတိယ နှစ်ဝက်မှစ၍ အဆင့်မြင့်ပညာသင်ကြားရေးဌာနများအားလုံးသည် AI နှင့်ဆက်စပ်သည့် သင်တန်းများကို တစ်နှစ်ကာလအတွက် လျှော့ဈေးဖြင့် သင်ယူနိုင်မည်ဖြစ်သည်။

Source: The Business Times

(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

## STOCK EXCHANGE (13.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,802 (Shares) | 65,234,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,500 | +500 | +4.17% | 12,500 | 13,000 | 12,500 | 751 | 9,437,500 | 33,109,694 | 413,871 |
| MTSH | 00002 | 6,400 | +200 | +3.23% | 6,300 | 6,400 | 6,300 | 1,993 | 12,667,000 | 38,929,150 | 249,147 |
| MCB | 00003 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 10 | 86,000 | 10,400,986 | 89,449 |
| FPB | 00004 | 3,550 | +0 | +0.00% | 3,550 | 3,600 | 3,550 | 8,657 | 30,806,700 | 29,664,613 | 105,309 |
| TMH | 00005 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 868 | 2,907,800 | 12,823,224 | 42,958 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,011 | 3,469,000 | 19,977,223 | 34,960 |
| AMATA | 00007 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 1,178 | 4,677,000 | 10,497,598 | 41,466 |
| MAEX | 00008 | 3,600 | +50 | +1.41% | 3,600 | 3,600 | 3,500 | 334 | 1,183,000 | 23,804,946 | 85,698 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 563.50 | +13.47 | +2.45% | 552.93 | 572.71 | 552.93 | 15,802 | 65,234,000 | 8 | 1,062,858 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 16th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,032 (Shares) | 20,452,450 (MMK) |

| MYANPIX | 563.19 ▼ 0.31 |
|---|---|
| Total Volume (shares) | 5,032 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,062,277 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 0 |
| MTSH | 00002 | 6,400 | ▲ 0 |
| MCB | 00003 | 8,500 | ▼ 100 |
| FPB | 00004 | 3,600 | ▲ 50 |
| TMH | 00005 | 3,400 | ▲ 50 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 3,550 | ▼ 50 |